**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**(ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ )**

စာအမှတ်၊ SSE/NM/၁၃၇ /၂၀၁၆
ရက်စွဲ၊ ၂၀၁၆ - ခုနှစ်၊ အောက်တိုဘာလ ( ၁၇ ) ရက်။

အကြောင်းအရာ။ ။ **ရေကြောင်းသတိပေးချက် ထုတ်ပြန်ခြင်းကိစ္စ။**

ရည် ညွှန်း ချက် ။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ (၁၁.၁၀.၂၀၁၆) ရက်နေ့စွဲပါစာအမှတ်၊ ပဆ-(၃)/ (Notice-DMA) ၂၀၁၆ (၅၉)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာ့ရေနံနှင့်သဘာဝ ဓါတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTE International Limited ကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် ဇော်တိက သဘာဝဓါတ်ငွေ့စီမံကိန်း ထုတ်လုပ်ရေး ပလက်ဖောင်းများဖြစ်သည့် Wellhead Platform 1, 2, 3, 4, 5, 6, 7 တို့အား နိုင်ငံတကာရေပုံ (Admiralty Charts) တွင် ရေတပ်ပင်မတိုင်းတာရေးတပ်မှ ထည့်သွင်းကြေငြာထားပြီး ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ နိုင်ငံတကာရေပုံ (Admiralty Charts) တွင် ထည့်သွင်းကြေငြာထားသည့် Wellhead Platform 1,2,3,4,5,6,7 စီမံကိန်းဧရိယာအတွင်းသို့ သဘာဝဓါတ်ငွေ့စီမံကိန်း ထုတ်လုပ်ရေး ပလက်ဖောင်း၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ဓာတ်ငွေ့ပိုက်လိုင်းများ ထိခိုက်ပျက်စီးမှု ရှိလာနိုင်မည်ဖြစ်၍ သတ်မှတ်ထားသော စီမံကိန်းဧရိယာအတွင်း ပြင်ပရေယာဉ်များ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်း၊ အဆိုပါနေရာအနီးမှ ဖြတ်သန်းသွားလာခြင်း မပြုကြပါရန် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
ကိုကိုနိုင်-ဒုတိယညွှန်ကြားရေးမှူး(SSE)